အရေးပါသောလက်အောက်ခံကုမ္ပဏီခွဲတွင် မတည်ရင်းနှီးငွေ တိုးမြှင့်ခဲ့ခြင်းအား အသိပေးကြေညာခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(နှ)ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများ၊ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် FMI ကုမ္ပဏီမှ အစုရှယ်ယာ ၆၀% ထည့်ဝင်ပိုင်ဆိုင်ထားသည့် Yoma Siloam Hospital Pun Hlaing Limited (YSHPH) သို့ အစုရှယ်ယာ ထပ်မံထည့်ဝင်ခြင်းဖြင့် မတည်ရင်းနှီးငွေတိုးမြှင့်ခဲ့ခြင်းအား အသိပေးကြေညာအပ်ပါသည်။

မတည်ရင်းနှီးငွေတိုးမြှင့်ခြင်း အသေးစိတ်ဖော်ပြချက်

တိုးမြှင့်သည့် မတည်ရင်းနှီးငွေ (ကုမ္ပဏီမှ အချိုးကျ ထည့်ဝင်ငွေ)	အမေရိကန်ဒေါ်လာ ၅,၄၂၀,၁၇၀.၀၀
မတည်ရင်းနှီးငွေတိုးမြှင့်ခြင်းနည်းလမ်း	သာမန်ရှယ်ယာအသစ်များအဖြစ် ထည့်ဝင်ခြင်း
မတည်ရင်းနှီးငွေတိုးမြှင့်ခြင်းမတိုင်မီ YSHPH အစုရှယ်ယာရှင်များ၏ ရပိုင်ခွင့်များ	အမေရိကန်ဒေါ်လာ ၁၃,၁၈၇,၅၀၀.၀၀
မတည်ရင်းနှီးငွေတိုးမြှင့်ပြီးနောက် YSHPH အစုရှယ်ယာရှင်များ၏ ရပိုင်ခွင့်များ	အမေရိကန်ဒေါ်လာ ၂၂,၂၂၁,၁၁၆.၀၀

မတည်ရင်းနှီးငွေတိုးမြှင့်ရခြင်း အခြေခံအကြောင်း

YSHPH သည် မြန်မာနိုင်ငံ၌ Pun Hliang Siloam Hospital အမှတ် တံဆိပ်ဖြင့် ပုဂ္ဂလိက ဆေးရုံ လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီဖြစ်ပါသည်။ ယခု မတည်ရင်းနှီးငွေ တိုးမြှင့်ခြင်းသည် YSHPH ၏ ဆေးရုံခွဲများနှင့် ဝန်ဆောင်မှုများအား တိုးချဲ့ရာတွင် အသုံးပြုရန် ဖြစ်ပါသည်။ YSHPH ၏ လုပ်ငန်းတိုးတက်မှုမှာ အားရဖွယ်ရာဖြစ်ပြီး ၄င်း၏ လုပ်ငန်းချဲ့ထွင်မှု အစီအစဉ်အရ လိုအပ်သည့် မတည်ရင်းနှီးငွေများအား FMI ကုမ္ပဏီအနေနှင့် ဆက်လက်ပံ့ပိုးသွားမည် ဖြစ်ပါသည်။

FMI ကုမ္ပဏီသည် ၎င်း၏လက်အောက်ခံကုမ္ပဏီ များ ကြီးထွားရန် အတွက်လိုအပ်သော ဘဏ္ဍာရေး အခြေခံအုတ်မြစ်အား အခါအားလျော်စွာ မတည်ရင်းနှီးငွေ တိုးမြှင့်ထည့်ဝင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း

အမှုဆောင်ဒါရိုက်တာ

၂၀၁၆ခုနှစ်၊ဒီဇင်ဘာလ (၂၃)ရက်။

FIRST MYANMAR INVESTMENT CO., LTD.
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm

NOTICE OF CAPITAL INCREASE IN SIGNIFICANT SUBSIDIARY

The Board of Directors of First Myanmar Investment Co., Ltd. (the "Company" and with its subsidiaries, the "Group") wishes to announce that the Company has increased its capital contribution to Yoma Siloam Hospital Pun Hlaing Limited ("YSHPH"), the Company's 60.0% owned subsidiary.

Details of the Capital Increase

Total capital increase (the Company's contribution)	US $5,420,170.00
Method of capital increase	Subscription of new ordinary shares
YSHPH's shareholders' equity immediately before the increase	US $13,187,500.00
YSHPH's shareholders' equity immediately after the increase	US $22,221,116.00

Rationale

YSHPH is engaged in the private hospital business in Myanmar under the brand 'Pun Hlaing Siloam Hospitals'. This capital increase will support YSHPH's growth as it looks to expand its portfolio of facilities. YSHPH has a strong and growing track record of effective healthcare management and the Company has therefore provided the capital necessary to assist YSHPH in its expansion plans.

The Company may carry out capital increases from time to time as necessary to reinforce the financial foundation of its subsidiaries.

By Order of the Board

Tun Tun
Executive Director

23 December 2016

FIRST MYANMAR INVESTMENT CO., LTD.
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm